PAUNG SIE FACILITY

# စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် လေ့လာသင်ယူခြင်း (MEL)

# ပေါင်းစည်းလုပ်ငန်းအဖွဲ့၏လမ်းညွှန်

PSF ၏ စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် လေ့လာသင်ယူခြင်း (MEL) ဆိုင်ရာ လုပ်နည်း လုပ်ဟန်သည် ပြုလွယ်ပြင်လွယ်ရှိပြီး စေ့စပ်သေချာမှုရှိရန် ရည်ရွယ်ချက်ထားရှိပါသည်။ ဤလုပ်နည်း လုပ်ဟန်သည် PSF ၏ မိတ်ဖက်အဖွဲ့ အစည်းများအားလုံး၏ MEL နည်းစနစ်အားလုံးနှင့် ကိုက်ညီသော လုပ်နည်းလုပ်ဟန်တစ်ခုဖြစ်ရမည်ဟုမရည်ရွယ်ပါ။ MEL အစီအစဉ်ရေးဆွဲခြင်း (MEL Plan) ဆိုသည်မှာ မိမိတို့ လုပ်ဆောင်မည့် MEL လုပ်ငန်းဆောင်တာများနှင့် ထိုလုပ်ငန်းဆောင်တာများကို မည်သို့ မည်ပုံဆောင်ရွက်မည့်အကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ကုန်ကျမည့်ငွေပမာဏ၊ စသည် တို့အားရေးသားဖော်ပြထားသော အစီအစဉ်စာတမ်းတစ်ခု ဖြစ်ပါသည်။ MEL မူဘောင်တစ်ခု (MEL Framework) ဆိုသည်မှာ မိမိတို့၏လေ့လာသင်ယူခြင်းဆိုင်ရာ မေးခွန်းများ(Learning Questions)၊ MELဆောင်ရွက်မည့်နည်းလမ်းများ(Methods)၊ တိုင်းတာရာတွင်အသုံးပြုမည့်ကိရိယာများ(Tools)၊ တိုင်းတာပုံများ(Measures)ကိုထည့်သွင်း ရေးဆွဲထားသောဇယားပါရှိသည့် word သို့မဟုတ် excel file ဖြစ်ပါသည်။ စီမံကိန်းအကျဉ်းချုပ်မှတ်စု တင်သွင်းသည့်အချိန်တွင် MEL အစီအစဉ် နှင့် MEL framework တို့ကို တစ်ပါတည်းထည့်သွင်းတင်ပြရန်မလိုအပ်သော်လည်း အောက်ဖော်ပြပါအကြောင်းအရာများကို စဉ်းစားထားစေလိုပါသည်။ အဆိုပြုလွှာအပြည့်အစုံတင်သွင်းသည့်အခါတွင်မူ မိတ်ဖက်အဖွဲ့ အစည်း များအနေဖြင့် လုပ်ငန်းဆောင်တာများစတင်လုပ်ကိုင်မည့်ကနဦးကာလ(Inception Period) တွင် အသုံး ပြုဆောင်ရွက်နိုင်ရန် MEL Planနှင့်Framework (မူကြမ်း)အား ရေးဆွဲတင်ပြနိုင်ရန်မျှော်လင့်ပါသည်။

သင်၏ MELအစီအစဉ်များရေးဆွဲရာတွင် အောက်ပါအဆင့် (၅)ဆင့်ကို ထည့်သွင်းစဉ်းစားစေလို ပါသည်။

## ၁။ ပြောင်းလဲမှုဆိုင်ရာ သီအိုရီ

PSF ၏လမ်းညွှန်ချက်များအားအသုံးပြု၍ လက်တွေ့ကျသော/ ဖြစ်နိုင်ခြေရှိသော ပြောင်းလဲမှုဆိုင်ရာ သီအိုရီတစ်ခုရေးဆွဲပါ။ ဆိုလိုသည်မှာ သင်ဖြေရှင်းလိုသည့်အဓိကပြဿနာရပ်၊ ၎င်းပြဿနာရပ်ကို ပြေလည်စေမည့်ပြောင်းလဲမှုများဖြစ်ပေါ်လာစေရန် မည်သည့်လုပ်ငန်းများဆောင်ရွက်သွားမလဲ နှင့် အဓိကနောက်ခံအခြေအနေများ (သို့မဟုတ်) ကြောင်းကျိုးဆက်စပ်ယူဆချက်များကို သေချာစွာ လေ့လာ ဆန်းစစ်စေလိုခြင်း ဖြစ်ပါသည်။ သင်ရေးဆွဲထားသော ပြောင်းလဲမှုဆိုင်ရာသီအိုရီတွင်ပါဝင်သည့် မတူညီသောအစိတ်အပိုင်းများကို အချိန်နှင့်အမျှ လေ့လာစစ်ဆေးမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။

## ၂။ စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် လေ့လာသင်ယူခြင်း မူဘောင် (MEL framework)

သင်ရေးဆွဲထားသော ပြောင်းလဲမှုဆိုင်ရာသီအိုရီအားအသုံးပြု၍ MEL မူဘောင်တစ်ခုရေးဆွဲပါ။ ၎င်းမူဘောင်တွင် သင်မည်သည့်အချက်အလက်များလိုအပ်ကြောင်း၊ ၎င်းအချက်အလက်များကို မည်ကဲ့

သို့စုဆောင်းမည်ဖြစ်ကြောင်းနှင့် သင်မည်မျှပြီးမြောက်ပြီဖြစ်ကြောင်းကို ရှင်းလင်းစွာဖော်ပြနိုင်ရန် လိုအပ်ပါသည်။ ဆန်းသစ်သော MELလုပ်နည်းလုပ်ဟန် တီထွင်ဖန်တီးမှုများကိုလည်း မျှော်လင့်ပါသည်။ ဥပမာ- အချို့သောမိတ်ဖက်အဖွဲ့အစည်းများသည် သမာရိုးကျဖြစ်သော အကျိုးရလာဒ်များ၊ လက်ငင်းရလာဒ်များနှင့်လုပ်ငန်းစဥ်များကိုသာ သတ်မှတ်ဖော်ပြထားခြင်းမျိုးထက် ၎င်းတို့၏လုပ်ငန်းများအပေါ်အခြေခံ၍ ကွဲပြားခြားနားသောအခြေအနေများ (တွေ့ကြုံနိုင်သည့် အကောင်းနှင့်အဆိုးများ) ကို ထုတ်ဖော်ထားပြီး တိုးတက်မှုများကိုခြေရာခံနိုင်ခဲ့သည်။ စီမံကိန်းစတင်သည်နှင့် ရေးဆွဲထားသော MELမူဘောင်သည် သင်၏စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်း နှင့် လေ့လာသင်ယူခြင်း (MEL)ဆိုင်ရာလုပ်ငန်းစဥ်များနှင့် တွေ့ရှိချက်များကိုစောင့်ကြည့်နိုင်ရန် အထောက် အကူပြုသည့် MEL မှတ်တမ်း (MEL tracker) အဖြစ်သို့ပြောင်းလဲသင့်သည်။ MEL Frameworks နှင့် Trackers နမူနာပုံစံများ သိရှိလိုပါက PSF သို့ဆက်သွယ်ပါ။

## ၃။ လေ့လာသင်ယူခြင်းဆိုင်ရာမေးခွန်းများ

စောင့်ကြည့်လေ့လာခြင်းဆောင်ရွက်ရာတွင် ဖြစ်ပေါ်နေသည့်နောက်ခံအခြေအနေနှင့် စီမံကိန်းက ဖြေရှင်းလိုသည့်ပြဿနာရပ်များ၊ စီမံကိန်းလုပ်ငန်းများ၊ စီမံကိန်းတိုးတက်မှုနှင့် ကြောင်းကျိုးဆက်စပ်ယူဆထားချက်များကို ပြန်လည်သုံးသပ်သင့်သည်။ ထိုသို့ပြုလုပ်ရာတွင် ၎င်းတို့တစ်ခုချင်းစီအတွက် သင်မေးမြန်းလိုသော မေးခွန်းတွေနဲ့စတင်ခြင်း အကောင်းဆုံးဖြစ်ပါသည်၊ ကျွန်ုပ်တို့အနေဖြင့် ၎င်းကို 'လေ့လာသင်ယူခြင်းဆိုင်ရာမေးခွန်းများ’ ဟုခေါ်ဆိုကြပါသည်။ ထို့နောက် ၎င်းမေးခွန်းများကို မည်သည့်နည်းစနစ်နှင့်တိုင်းတာမှုများ အသုံးပြု၍အဖြေရှာမည်ကို ဆုံးဖြတ်ရပါမည်။ မိတ်ဖက်များသည် လိုအပ်သောအဓိကညွှန်းကိန်းများ (Key Indicators) များနှင့်တစ်ကွ အရည်အသွေးဆိုင်ရာနှင့် အရေအတွက်ဆိုင်ရာ စူးစမ်းလေ့လာခြင်းနည်းလမ်းများကို ထည့်သွင်းစဥ်းစားရန်လိုအပ်သည်။ သင်ယူခြင်း ဆိုင်ရာမေးခွန်းများသည် သင့်စီမံကိန်း၏ MEL မူဘောင်တွင် ထည့်သွင်းရေးဆွဲထားသော အစိတ်အပိုင်းတစ်ခုဖြစ်သင့်သည်။

## ၄။ လေ့လာသင့်ယူခြင်းနှင့် လိုက်လျောညီထွေဖြစ်အောင်ပြုပြင်ပြောင်းလဲခြင်း

MEL အချက်အလက်များကိုအသုံးပြုပြီး ဆုံးဖြတ်ချက်များချမှတ်ရာတွင် တိကျပြတ်သား၍ ပွင့်လင်းမြင်သာသော အစီအရင်ခံခြင်းအတွက် အချိန်သတ်မှတ်ချက်များထားရှိရန် လွန်စွာအရေးပါပါသည်။ MEL အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာမှုပြုလုပ်ရန်အတွက် ကြိုတင်သဘောတူထားသည့်အချိန်သတ်မှတ်ထားရှိရန်နှင့် ၎င်းအပြင် အသစ်အသစ်သောစိတ်ဝင်စားဖွယ်ကောင်းသည့် သတင်းအချက်အလက်များကိုရှာဖွေတွေ့ရှိပါကလည်း အခါအားလျော်စွာပြန်လည်သုံးသပ်မှုပြုလုပ်ရန် အကြံပြုပါသည်။ PSFအနေဖြင့် မိတ်ဖက်အဖွဲ့အစည်းအချင်းချင်းလက်တွဲလုပ်ဆောင်ရန်၊ မိမိတို့၏ ကွန်ယက်အားဖြန့်ကျက်ရန်နှင့် အတူတစ်ကွလေ့လာသင်ယူရန်အထူးအားပေးပါသည်။ ထိုသို့လုပ်ဆောင်ရန် လိုအပ်သော ငွေကြေးနှင့်လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာလိုအပ်ချက်များကို PSFမှ ထောက်ပံ့မှုပေးသွားပါမည်။

## ၅။ ထည့်သွင်းစဉ်းစားရန်လိုအပ်သည့်အကြောင်းအရာများနှင့် ယှဥ်တွဲ ဆောင်ရွက်ခြင်း

ပြောင်းလဲမှုဆိုင်ရာသီအိုရီရေးဆွဲသောအခါတွင် သင့်အနေဖြင့် ကျား၊မ တန်းတူညီမျှရေးနှင့် လူမှုသဟဇာတဖြစ်ရေး (GESI) ကိုထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။ စောင့်ကြည့် လေ့လာခြင်း ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သောအခါ ကျား/မ၊ အသက်၊ မသန်စွမ်းဖြစ်ခြင်း စသည့်အချက် အလက်များကိုကောက်ယူရပါမည်။ သင်၏ စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် လေ့လာသင်ယူခြင်းဆိုင်ရာလုပ်ငန်းအစီအစဥ်အားလုံးတွင် ကျား၊မ ကွဲပြားခြားနားမှု နည်းနိုင်သမျှ နည်းပြီး မည်သူမဆို ပူးပေါင်းပါဝင်နိုင်ရန် ရည်ရွယ်ကာ ဆောင်ရွက်သင့်ပါသည်။

အလားတူပင် ပဋိပက္ခဖြစ်နိုင်ချေများကိုလည်း ပြောင်းလဲမှုဆိုင်ရာသီအိုရီနှင့် MELလုပ်ငန်းစဥ်တို့တွင် ထည့်သွင်းစဉ်းစားရပါမည်။ ဆိုလိုသည်မှာ နှင့် စီမံကိန်းတည်နေရာရှိ ပေါင်းစည်းစေသောအရာများနှင့် ကွဲပြားစေသောအရာများကို သင်၏စီမံကိန်းက မည်ကဲ့သို့သောအကျိုးသက်ရောက်မှုများရှိနေသည်ကို လေ့လာစောင့်ကြည့်ခြင်းများပြုလုပ်သလို MEL ၏လုပ်ဆောင်ချက်များသည် မည်သူတစ်ဦး တစ်ယောက်ကိုမျှ 'ထိခိုက်မှုမရှိစေ' ရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏လမ်းညွှန်များတွင် ဖော်ပြထားသည့်အတိုင်း လိုက်နာ၍ သင်၏ MEL သည် COVID-19 နှင့်ပါတ်သက်၍ ထိခိုက်လွယ်မှုများကိုလည်း ထည့်သွင်းစဉ်းစားစေရန်လိုအပ်ပါသည်။

အထောက်အပံ့ရယူသူများအနေဖြင့် လိုက်နာရမည့် PSF ၏ အနိမ့်ဆုံးစံသတ်မှတ်ချက်များနှင့် လုပ်ငန်းစဉ် အချိန်ဇယား များကို အောက်ပါ အတိုင်းဖော်ပြထားပါသည်။

| လိုအပ်ချက်များ | အကြောင်းအရာအသေးစိတ် |
|---|---|
| **အချက်အလက်များအား စောင့်ကြည့်လေ့လာခြင်း**<br>**(Monitoring Data)** | **စောင့်ကြည့်လေ့လာရမည့်အခြေခံအချက်အလက်များ**<br>မိတ်ဖက်အဖွဲ့ အစည်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများ၊ ပါဝင်ခဲ့သူများ (အသက်အရွယ်၊ ကျား/ မ၊ လူငယ်များနှင့် အခြားသော လက်လှမ်းမမှီသည့်အဖွဲ့များ စသည်ဖြင့်အုပ်စုများခွဲ၍) နှင့် မည်မျှထိပါဝင်ခဲ့သည် စသည့် အခြေခံအချက်အလက်များကိုစုဆောင်းတင်ပြရပါမည်။<br><br>ထိုအချက်အလက်များ အပေါ်တွင် PSF မှပြန်လည်စစ်ဆေးမှုများရှိပါမည်။ ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းပုံစံကို အသုံးပြုနိုင်ပါသည်။<br><br>**ပံ့ပိုးမှုအဆင့် လုပ်ငန်းခွင်သုံး လိုအပ်ချက်များ**<br>PSF တွင်လည်း လေ့လာခြင်းဆိုင်ရာမေးခွန်းများနှင့် ကျိုးကြောင်းဆက်နွယ်မှုပြဘောင်တို့ကိုထားရှိပါသည်။ သင်တို့၏ စီမံကိန်းများ စတင်ရာကနဦးကာလတွင် ထိုလေ့လာခြင်းဆိုင်ရာ မေးခွန်းများနှင့် ကျိုးကြောင်းဆက်နွယ်မှုပြဘောင်တို့အတွက် ပူးပေါင်းပါဝင်မှုအား PSF မှ တောင်းဆိုကောင်း တောင်းဆို နိုင်ပါသည်။ |

<table>
<tr>
<td>ငွေကြေးလျာထားခြင်း<br>(Budgeting)</td>
<td>PSF မှ ရေရှည်ထောက်ပံ့မှုများပေးနေဆဲဖြစ်သော ပြည်တွင်းအဖွဲ့အစည်းများအား အောက်ပါထောက်ပံ့မှုများအပြင် MEL တာဝန်ခံအတွက်လည်း လိုအပ်သည့်စရိတ်များကို ထောက်ပံ့ပေးပါမည်။ MEL အတွက် ကုန်ကျစရိတ်ကို အောက်ပါအတိုင်းလျာထားသင့်ပါသည်။
<table>
<tr><th>စီမံကိန်းအရွယ်အစား (USD)</th><th>MEL ကုန်ကျစရိတ်အကြမ်းအဖျင်း (USD)</th></tr>
<tr><td>၀ - ၂၅၀၀၀၀</td><td>၁၈၀၀၀ (M - ၃၀၀၀၊ E - ၁၂၀၀၀၊ L- ၃၀၀၀)</td></tr>
<tr><td>၂၅၀၀၀၁ - ၅၀၀၀၀၀</td><td>၂၄၀၀၀(M - ၄၅၀၀၊ E - ၁၅၀၀၀, L- ၄၅၀၀)</td></tr>
<tr><td>၅၀၀၀၀၁ - ၁၀၀၀၀၀၀</td><td>၃၃၀၀၀(M - ၅၂၅၀၊ E -၂၂၅၀၀, L- ၅၂၅၀)</td></tr>
<tr><td>၁၀၀၀၀၀၀ အထက်</td><td>၄၄၀၀၀(M - ၇၀၀၀၊ E - ၃၀၀၀၀၊ L - ၇၀၀၀)</td></tr>
</table>
အထက်ဖော်ပြပါ ငွေကြေးပမာဏသည် အများဆုံးဖြစ်သင့်ပြီး စီမံကိန်းပုံစံ၊ အရွယ်အစား နှင့် နေရာဒေသပေါ်မူတည်၍ စီမံကိန်း တစ်ခုနှင့်တစ်ခုကြားကွဲပြားခြားနားမှုရှိနိုင်ပါသည်။<br>
စောင့်ကြည့်လေ့လာခြင်းနှင့် သင်ယူခြင်းအတွက် ကုန်ကျစရိတ်အား စီမံကိန်းလုပ်ဆောင်နေစဉ် အချိန်ကာလ တစ်လျှောက်လုံးအတွက် အညီအမျှလျာထားပါ။ အကဲဖြတ်ဆန်းစစ်ခြင်းအတွက် ကုန်ကျစရိတ်သည် ဒုတိယနှစ်တွင် ၃၃.၃% ရှိသင့်ပြီး တတိယနှစ်တွင် ၆၆.၇% ရှိသင့်ပါသည်။</td>
</tr>
<tr>
<td>အချက်အလက်များစီမံခန့်ခွဲခြင်းနှင့် လုံခြုံစွာ သိမ်းဆည်းခြင်း<br>(Data Management and Security)</td>
<td>ယုံကြည်စိတ်ချရသောအချက်အလက်များကိုသိမ်းဆည်းပြီးသတင်းပို့နိုင်ရန်အတွက်သင်သည်ကောင်းမွန်သော အချက်အလက်အရည်အသွေး၊ သိမ်းဆည်းမှုနှင့်အသုံးပြုမှုကို သေချာစေရန် သင့်တော်သော ရည်ရွယ်ချက်ရှိသည့် စနစ်တစ်ခုလိုအပ်လိမ့်မည်။<br>
အချက်အလက်များသိမ်းဆည်းရန် ရှင်းလင်းသောနည်းလမ်းတစ်ခု ရှိရမည်ဖြစ်ပြီး စောင့်ကြည့်လေ့လာမှုအချက်အလက်များကို Excel sheet ဖြင့်လည်းကောင်း၊ အရည်အသွေးဆိုင်ရာ အချက်အလက်များကိုလည်း Wordသို့ မဟုတ် အခြားသောအွန်လိုင်းစနစ်များဖြင့် လည်းကောင်းသေချာစွာသိမ်းဆည်းထားနိုင်ပါသည်။ MELအတွက် ဘတ်ဂျက်ပြင်ဆင် သည့်အခါ အချက်အလက်များ စီမံခန့်ခွဲမှုအတွက် လိုအပ်သောကိရိယာများအတွက် ကုန်ကျစရိတ်ကိုလည်းထည့်သွင်း စဉ်းစား သင့်သည်။</td>
</tr>
<tr>
<td>အစီရင်ခံရန် အချိန်အပိုင်းအခြား<br>(Reporting Timelines)</td>
<td>သုံးလပတ် ៖ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းနှင့် MEL မှတ်တမ်းများကို သုံးလတစ်ကြိမ်အစီရင်ခံစာနှင့်အတူ တင်ပြရပါမည်။</td>
</tr>
</table>

| | |
|---|---|
| | **ခြောက်လပတ်း** ပြောင်းလဲမှုဆိုင်ရာသီအိုရီ၊ လေ့လာခြင်းဆိုင်ရာ မေးခွန်းများနှင့် သက်ဆိုင်သော ပို၍နက်နဲသည့် သုံးသပ်ချက်များနှင့် အခြားသော မိတ်ဖက်အဖွဲ့ အစည်းများနှင့်အတူ MEL နှင့်သက်ဆိုင်သော ပွဲများတွင် တက်ရောက်ပါဝင်ခဲ့သည့် မှတ်တမ်း စသည် တို့ကိုလည်း တင်ပြရပါမည်။<br><br>**နှစ်စဉ်း** သိသာထင်ရှားသောပြောင်းလဲမှု ဖြစ်စဉ်တစ်ခုထည့်သွင်း ဖော်ပြ၍ နှစ်ပါတ်လည်အစီရင်ခံစာကို တင်ပြရပါမည်။<br><br>အချို့ သော ထိလွယ်ရှလွယ်ဖြစ်သည့် အကြောင်းအရာများကို လူကိုယ်တိုင် သော်လည်းကောင်း ဖုန်းဖြင့် သော်လည်းကောင်းတင်ပြနိုင်ပါသည်။ |
| အကဲဖြတ်ဆန်းစစ်ခြင်း<br>(Evaluation) | PSF အနေဖြင့် တီထွင်ဆန်းသစ်သော အကဲဖြတ်စစ်ဆေးခြင်းဆိုင်ရာ နည်းလမ်းများကိုအသုံးပြုရန် အားပေးပါသည်။ စီမံကိန်းလုပ်ဆောင်နေချိန်အတွင်း မည်သည့်အချိန်တွင်မဆို PSF မှ အကဲဖြတ် ဆန်းစစ်ခြင်းများလည်း ပြုလုပ်နိုင်ပါသည်။ အကဲဖြတ်ဆန်းစစ်ရာတွင် ယေဘုယျ အားဖြင့်ဆန်းစစ်ခြင်းမဟုတ်ဘဲ အကြောင်းအရာတစ်ခုချင်းစီ အပေါ် စေ့စပ်စွာ အကဲဖြတ်စစ်ဆေးပါမည်။ အတူတကွလက်တွဲလုပ်ဆောင်နေသော PSF ၏ မိတ်ဖက်အဖွဲ့ အစည်းများအား ယှဉ်တွဲ၍ အကဲဖြတ်ဆန်းစစ်မှုများလည်း ပြုလုပ်ကောင်း ပြုလုပ်နိုင်ပါသည်။ မိတ်ဖက်အဖွဲ့ အစည်းများအနေဖြင့် မိမိတို့၏ စီမံကိန်းလုပ်ဆောင်မှုများတွင် အကဲဖြတ်ဆန်းစစ်မှုလုပ်ဆောင်သည့်အခါတိုင်း PSF၏ MELအဖွဲ့ မှ ခွင့်ပြုချက်ရယူရန်လိုအပ်ပါသည်။ အကဲဖြတ်စစ်ဆေးမှုပြုလုပ်ရန်အတွက် ပြင်ပမှအတိုင်ပင်ခံများနှင့် ခေါ်ယူဆောင်ရွက်မည်ဆိုပါက ထိုအတိုင်ပင်ခံ များကို PSF နှင့်တိုင်ပင်ပြီး အတူတကွ ရွေးချယ်ရန်လိုအပ်ပါသည်။ အကဲဖြတ်စစ်ဆေးခြင်းအတွက် ထောက်ပံ့မှုပေးနေခြင်းကိုလည်း PSF အနေဖြင့် ရပ်နားပိုင်ခွင့်ရှိပါသည်။ |

အဆိုပြုလွှာတင်သွင်းရာတွင် MELထည့်သွင်းရေးဆွဲရန်အတွက် လိုအပ်သော အကူအညီကို PSF မှ ရယူနိုင်ပါသည်။ PSF မှ MEL Officer ဖြစ်သော မခင်ဇာလှိုင်း (kzh@paungsiefacility.org) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ပဋိပက္ခဖြစ်နိုင်ချေများ၊ ကျား/မတန်းတူညီမျှရေးနှင့် အန္တရာယ် ဖြစ်နိုင်ချေများ ကိုင်တွယ်ဖြေရှင်းနိုင်ရေးစသည်တို့ အတွက်လည်း PSF၏လမ်းညွှန်များတွင် ဖတ်ရှုလေ့လာနိုင်ပါသည်။